

# ဘုန်းဘုရား ဖုံးကြားမှာ ပျော်နေပြီလား

အရှင်ဉာဏိက

ရင်းနှီးကျွမ်းဝင်ခဲ့ဘူးတဲ့ ဒကာတစ်ဦးဆီကစာကို မမြော်လင့်ပဲ မကြာမီက ဖတ်ရပါတယ်။ ဒီဒကာက စာရေးသူ မြန်မာပြည်မှာရှိနေစဉ်ကဆိုရင် စာရေးသူ ဘယ်ကိုပဲရောက်နေနေ စာရေးသူရောက်ရှိနေထိုင်တဲ့အရပ်ဆီကို သုံးလေးလမှာတစ်ခါလောက်တော့ စာအမြဲရေးလေ့ရှိပါတယ်။ သို့ပေမယ့် စာရေးသူ အမေရိကကိုရောက်နေတဲ့ လေးနှစ်ကျော်ကာလအတွင်း စာရေးသူက စာသုံးစောင်လောက် သူ့ဆီကို ရေးခဲ့ပေမယ့် သူ့ဆီကပြန်စာကိုတော့ လုံးဝမဖတ်ခဲ့ရပါဘူး။ ခုတစ်ခါမှာတော့ လုံးဝမမြော်လင့်ပါဘဲ သူ့စာကိုဖတ်ရပါတယ်။ ဒီဒကာက စာရေးသူနဲ့ စာသင်တိုက်တစ်တိုက်မှာ နှစ်နှစ်နီးပါးကြာ တွေ့ဆုံနေထိုင်ခဲ့ဘူးပါတယ်၊ အဲဒီအချိန်က သူကမြို့ကိုလာပြီး ဒုတိယနဲ့တတိယအကြိမ် ဆယ်တန်းစာမေးပွဲဖြေဆိုဖို့ ကျူရှင်ကျောင်းတက်နေတဲ့သူပါ။ တစ်ဖက်မှာလဲ သူ့ဝမ်းစာအတွက် အားလပ်ချိန်များမှာ ဆိုက်ကားနင်းရင်းပေါ့။ တစ်ချို့အတွေးအခေါ်အယူအဆများမှာ စာရေးသူနဲ့တော်တော်တူတာကြောင့် စာရေးသူတို့အချင်းချင်း တော်တော်ရင်းနှီးကျွမ်းဝင်ခဲ့ကြပါတယ်။ ဒီဒကာက တစ်မူထူးခြားလှစွာ ပင်ကိုယ်ကိုက ဟာသဉာဏ်ရွှင်တဲ့သူတစ်ဦးပါ။ ဒါကြောင့်တစ်ချို့ရဟန်းငယ်များက ပျင်းပျင်းရှိရင် သူ့ကိုဝိုင်းစပြီး သူ့ဆီကဟာသစကားတစ်ခုခုကို ကြားရဖို့ လုပ်တတ်လေ့ရှိတတ်ပါတယ်။ သူပြောတဲ့စကားတိုင်းမှာ ဟာသလွတ်တဲ့စကားဆိုတာ မရှိသလောက်ပါပဲ။

စကားပြောရာမှာသာ ဟာသနှောလေ့ရှိတာမဟုတ်ဘဲ စာရေးရာမှာလဲ ဟာသဉာဏ်ရွှင်လှပါတယ်။ သူ့စာကိုဖတ်ရတိုင်း အနည်းဆုံးပြုံးစရာတစ်ခုကိုတော့ တွေ့ရစမြဲပါ။ ခုတစ်ခါစာရေးသူဆီကိုရေးတဲ့စာထဲမှာတော့ ခေါင်းစီးမှာ "ဘုန်းဘုရား ဖုံးကြားမှာပျော်နေပြီလား" လို့ အစချီနိဒါန်းပျိုးထားပါတယ်။ နောက်ပြီးသူ့စာထဲမှာ အရှင်ဘုရားတို့သီတင်းသုံးနေထိုင်ရာ အမေရိကန်နိုင်ငံကြီးက ကမ္ဘာ့မဟာ အင်အားကြီးနိုင်ငံကြီးမဟုတ်လား၊ ဒီတော့ ကမ္ဘာပေါ်က မလိမ်မာမိုက်မဲတဲ့သူတွေကို လိမ္မာယဉ်ကျေးအောင်ဆုံးမပေးဖို့ အင်အားပြင်းထန်တဲ့ဖုံးကြီး ဒုံးကြီးတွေကိုထုတ်လုပ်နေရတာဆိုတော့ အရှင်ဘုရားများလဲ အဲဒီဖုံးကြီးတွေကြားမှာ သွားရောက်နေထိုင်နေရသလိုဖြစ်လို့မို့ ခုလို လျှောက်ထား မေးမြန်းရတာပါလို့ ဆက်ရေးထားပါတယ်။ နောက်ပြီးတပည့်တော်က မြန်မာစာမကျွမ်းကျင်တော့ မြန်မာစာလုံးပေါင်းသတ်ပုံတော့မှားကောင်း မှားမပေ့ါဘုရားတဲ့။ ဥပမာ ဗ နဲ့ ဘ၊ သေးသေးတင် ဝစ္စပေါက်နဲ့ ဉ လေးသတ်လိုမျိုးပေ့ါတဲ့။ စာရေးသူက သူ့အကြောင်းကိုသိထားလို့မို့ "ဖုံးကြားမှာ" ဆိုတဲ့သူ့စာကို စာလုံးထက်အသံကို ပိုပြီးနားထောင်မိပြီး နားလည်မိပါတယ်။ အဲနောက်ဆက်တွဲသူရှင်းပြခဲ့တာကိုဖတ်ရတော့ စာရေးသူရဲ့နားလည်ခဲ့မှုဟာ မှန်ကန်ကြောင်း ပိုပြီးသေချာသွားပါတယ်။ တကယ်တော့ သူပြောလိုတာက ဖုံးကြီးတွေမဟုတ်ပါဘူး၊ ဘုဉ်းကြီးတယ်လို့ ပြောဆိုသုံးစွဲလေ့ရှိတဲ့ဘုဉ်းကိုဆိုလိုတာပါ။ ဒါကြောင့် "ဘုဉ်းကြားမှာပျော်နေပြီလား"လို့ ရေးခဲ့တာပါ။ ဒီတော့မှ အော်ငါတော့ ဝင့်လည်ပြီထင်ရဲ့လို့တွေးမိပါတယ်။ ဒီစကားမျိုးကို တစ်ခါကစာရေးသူကိုယ်တိုင် ထင်ရှား

ကျော်ကြားလှတဲ့ဆရာတော်ကြီးတစ်ပါးကို အမြင်ကပ်ကပ်ရှိတာနဲ့ လျောက်ထားခဲ့ဘူးပါတယ်။ အမြင်ကပ်ကပ်လို့ ဒီနေရာမှာ အထူးပြုရေးရတာက အဲဒီအချိန်က စာရေးသူစိတ်ထဲမှာ တကယ်ကိုအမြင်ကပ်စိတ် ဖြစ်ခဲ့တာကြောင့်ပါ။ ခုပြန်တွေးမိချိန်မှာတော့ အော် လူကြီးကို ဒီလိုပြောခဲ့မိပါလားလို့ စိတ်မကောင်း ဖြစ်မိသလိုခံစားမိရပါတယ်။ အဲနောင်တတော့ ခုထိမရမိတာ အမှန်ပါ။ ကိုယ်မမှားခဲ့ဘူးဆိုတာ သေချာတယ်လို့ ကိုယ့်ကိုယ်ကိုယ်ယူဆမိတာကြောင့်ပဲ ဖြစ်မလားပေါ့။

စာရေးသူရဟန်းဖြစ်စက နယ်တစ်နယ်ကိုရောက်သွားပါတယ်။ စာရေးသူရောက်ရှိနေခိုက်မှာပဲ အဲဒီနယ်ကရွာတစ်ရွာမှာ သိမ်သမုတ်ပွဲတစ်ခုနဲ့ ကြုံဆုံခဲ့ရပါတယ်။ သိမ်သမုတ်ပွဲဆိုတာက သံဃာလောကမှာတော့ ကယိကထများတဲ့ပွဲတစ်ခုဆို မှားမယ်မဟုတ်ပါဘူး။ ခက်ခက်ခဲခဲလုပ်ရသလို နည်းစနစ်ကျနစေဖို့ စနစ်တကျလဲ စီမံရတဲ့ကံမျိုးပါ။ ဒီတော့ အဲဒီလိုကံမျိုးနဲ့ကြုံလာရင် အတွေ့အကြုံရှိတဲ့ ဆရာတော်ကြီးတစ်ပါးပါးကို ဦးစီးခေါင်းဆောင်အဖြစ်ထားပြီး သူ့အစီအမံအတိုင်း နောက်လိုက်သံဃာများက သိမ်နုတ်သိမ်သမုတ်ကံကို ဆောင်ရွက်ကြလေ့ရှိပါတယ်။ ခုလိုကံမျိုနဲ့ကြုံဆုံလာရင် သံဃာတော်များအနေနှင့် တခြားကိစ္စတွေကိုဘေးဖယ်ထားပြီး လေးလေးစာစားနဲ့ ပါဝင်ဆောင်ရွက်လေ့ရှိတတ်ကြပါတယ် ။ ကုန်ကုန်ပြောရရင် တစ်ရပ်တစ်ရွာထဲမှာ ကျောင်းနှစ်ကျောင်းသုံးကျောင်းစသည်ရှိလို့ တစ်ကျောင်းနဲ့တစ်ကျောင်း သဟဇာတမဖြစ်သည့်တိုင်အောင် ယခုလိုသိမ်သမုတ်ကံမျိုးနှင့်ကြုံလာပါရင် မပျက်မကွက်ပင့်ဖိတ်တတ်ကြသလို အပင့်ဖိတ်ခံဘက်ကလဲ ဆက်ဆက်တက်ရောက်တတ်ကြလေ့ရှိတာပါ။ အထက်ကပြောခဲ့တဲ့ စာရေးသူ ခရီးသွားရင်းကြုံခဲ့ရတဲ့ သိမ်သမုတ်ပွဲမှာတော့ ဒီပွဲကို ဦးစီးခေါင်းဆောင်ပြုလုပ်မည့်ဆရာတော်ဘုရားကြီးက အချိန်မီ ကြွရောက်မလာနိုင်ခဲ့ပါဘူး။ အကြောင်းကတော့ ရာထူးကြီးကြီးမားမား ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့နောက်ပါတစ်စု နယ်ဖက်ကို တိုင်းခန်း လှည့်လည်ရင်း ဆရာတော်ကျောင်းကို အဖူးအမြော်ရောက်ဖို့ရှိတာကြောင့် အဖူးအမြော်ခံရန် စောင့်ဆိုင်းရမည့်တာဝန်ရှိလို့ပါတဲ့။ ဆရာတော်ကြီးကိုယ်တိုင်ကလဲ သံဃာ့အဖွဲ့အစည်းအနေအရ ပြောရရင် ရာထူးကြီးကြီးထဲကပါပဲ။ တကယ်တော့ ဒီသိမ်သမုတ်ရမည့်ရက်ကို အဲဒီဆရာတော်ဘုရားကြီးပဲ ရွေးပေးခဲ့တာပါ။ သံဃာတော်များအနေနှင့် အလေးအမြတ်ထားလေ့ရှိတဲ့ သံဃကံမျိုးကို ဥပေက္ခာပြုပြီး ပုဂ္ဂိုလ်ကြီးတစ်ဦး ကြွရောက်လာမှာကို ဦးစားပေးလေတဲ့ ၄င်းဆရာတော်ကြီးရဲ့ သဘောထားကိုလဲ စာရေးသူက ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ဆရာတော်ဘုရား အချိန်မီ မကြွရောက်နိုင်ပေတာကြောင့် အခြားဆရာတော်တစ်ပါးကပဲ ဦးစီးဦးရွက်ပြုကာ သိမ်သမုတ်ကံကို စီမံခဲ့ရပါတယ်။ အနည်းငယ်တော့ ကသီလင်တ ဖြစ်ကြရတယ်ပေါ့။

သိမ်သမုတ်ပွဲအပြီးမှာတော့ သိမ်အောင်ပွဲအဖြစ် ရဟန်းခံပွဲများ၊ပဌာန်းရွတ်ဆိုပူဇော်ပွဲများကိုလဲ ခုနစ်ရက်တိုင်တိုင် ကျင်းပခဲ့ကြပါတယ်။ ပဌာန်းသိမ်းပွဲအကြိုညမှာတော့ ပုဂ္ဂိုလ်ကြီးများကိုညှိ့ဝတ်ပြု ကြိုဆိုနေခဲ့ရတဲ့ ဆရာတော်ဘုရားက သူ့မူလဘွဲ့တော်ရယ်၊ အစိုးရကဆက်ကပ်ထားတဲ့ ဘွဲ့တံဆိပ်တော်ကြီးရယ်၊ သူ့ရာထူးအမည်နာမရယ်ကို စာလုံးအကြီးစားကြီးများနဲ့ရေးထားတဲ့ ကိုယ်ပိုင်ကားကြီးနဲ့ ပဌာန်းပွဲရှိရာကို ကြွရောက်လာပါတယ်။ ညပိုင်းမှာဆရာတော်ကြီးများ အလ္လာပသလာပ ပြောကြရင်း ဟာသဉာဏ်ရွှင်လှတဲ့ ဆရာတော်ကြီးတစ်ပါးက စစ်အတွင်းသူ့ရဲ့စာသင်သားဘဝ အတွေ့အကြုံ တွေကို စီကာပတ်ကုံးပြောပြပါတယ်။ စစ်အတွင်းမှာ ပြေးရလွှားရရှောင်ရတိမ်းရပုံတွေ၊ အခက်အခဲတွေ ပြောပြအပြီးမှာတော့ အခက်အခဲ အမျိုးမျိုးနဲ့တွေ့ရပေမယ့် အရွယ်ကငယ်သေးတော့ ကြောက်လန့်ရမှန်း မသိပုံ၊ ဗုံးကြဲမည့် လေယာဉ်သံကြားရရင်ကိုပဲ အထူးအဆန်းတခုအဖြစ် ထွက်ပြေးပြီး ကြည့်ခဲ့ပုံစတာတွေကို ပြောပြခဲ့ပါတယ်။ ဆရာတော်ကြီးပြောတာက သရုပ်ပါလွန်းလို့ နားထောင်ကြတဲ့ သံဃာ

ငယ်များက အထူးသဘောကျကြပါတယ်။ ဒီတော့ စာရေးသူက အော် "ဘုန်းဘုရားက ဗုံးကြားမှာ အနေပျော်ခဲ့တာကိုးဘုရား" လို့ ကျေနပ် သဘောကျစိတ်နဲ့ ဝမ်းသာအားရ လျှောက်ထားခဲ့ပါတယ်။

အဲ ပုဂ္ဂိုလ်ကြီးကိုစောင့်ရတာကြောင့် သိမ်သမုတ်ပွဲ အချိန်မီ မကြွရောက်နိုင်တဲ့ ဆရာတော်ဘုရားကြီး လည်း ဒီစကားဝိုင်းမှာရှိနေပါတယ်၊ သူကလည်း အားကျမခံ သူ့ရဲ့လက်ရှိအတွေ့အကြုံတွေကို ပြောပြ ပါတယ်။

ရန်ကုန်မှာသီတင်းသုံးရခိုက် ဘယ်ဝန်ကြီးများအိမ်ကို ကြွရောက်ရပုံ၊ ဘယ်ဝန်ကတော်ရဲ့ မွေး နေ့ပွဲမှာ ဘာတွေလှူဒါန်းပုံ၊ ဘယ်အရပ်မှာဖြင့် ဘယ်ပုဂ္ဂိုလ်ကြီး ကြီးမှူးတဲ့ဘုရားထီးတင်ပွဲရှိလို့ မအား တဲ့ကြားက ကြွရောက်ချီးမြှင့်ရပုံ၊ ဘယ်ပုဂ္ဂိုလ်ကြီးရဲ့သားမွေးနေ့ သမီးမွေးနေ့မှာ ဘယ်ဆရာတော်များ နှင့် အတူကြွရောက်ခဲ့ပုံ၊ ဘယ်ကတော်ကြီးကဖြင့် ဘယ်လိုလျှောက်ထားပုံစတဲ့ လက်ရှိသူ့ အတွေ့ အကြုံတွေကို အားပါးတရ မိန့်တော်မူပါတယ်။ နောက်ပြီး ဆရာတော်ဘုရားကိုယ်တိုင်ကလဲ အဲဒီ အနေအထားကို ကျေနပ်သဘောကျဟန်ရှိတဲ့ အမူအယာကို ထင်ထင်ရှားရှားတွေ့ရပါတယ်။ အနား မှာရှိနေတဲ့ သံဃာငယ်များရဲ့မျက်နှာမှာတော့ အလိုမကျဟန်ကို အထင်းသားမြင်နိုင်ခဲ့ပါတယ်။ ဆရာ တော်ဘုရားကြီး မိန့်ကြားအပြီးမှာတော့ စာရေးသူက "အော် ဘုန်းဘုရားလဲ ဘုဥ်းကြားမှာ အနေပျော်သကိုးဘုရား" လို့ စိတ်ချဥ်ချဥ်နဲ့ လျှောက်ထားခဲ့ပါတယ်။

စာရေးသူ ခုလိုလျှောက်ထားခဲ့တဲ့အဓိပ္ပါယ်ကို ဆရာတော်ကြီးကိုယ်တိုင်ကတော့ သဘောပေါက်ဟန် မတူပါဘူး၊ ဘေးမှာရှိနေတဲ့ အချို့သံဃာများက စာရေးသူရဲ့ အငေါ်တူးမှုကို သဘောပေါက်ဟန် ရှိပါ တယ်။ တချို့က ကောင်းတယ်ကောင်းတယ်ရယ်လို့ ကောင်းချီးပေးဟန်နဲ့ မသိမသာခေါင်းညိတ်ပြ ခဲ့ ကြပါတယ်။ အချို့ကတော့ ပြုံးစိစိမျက်နှာများနဲ့ပါ။ ရယ်စရာအနေပေမယ့် အဲဒီအချိန်ကမရယ်နိုင်ခဲ့ ကြပါဘူး။ အင်း တကယ်တော့လည်း ရယ်စရာလိုဖြစ်ခဲ့ရပေမယ့် နက်နက်နဲနဲစဉ်းစားကြည့်ရင် အနာဂတ်သာသနာအတွက် မောဖွယ်ရာသဘောထားမျိုးတွေပါ။

ဒီအဖြစ်လေးဟာ ကြတော့ကြာခဲ့ပါပြီ။ သို့ပေမယ့် စပ်ဆိုင်လာတော့ သတိတရ ဖြစ်ခဲ့မိရပြန်ပါတယ်။ ခုလဲ ရင်းနှီးတဲ့ဒကာက စာရေးသူနေထိုင်ရတဲ့အနေအထားကို ဘယ်လိုခန့်မှန်းသဘောပေါက်ပြီး ရေးတယ်တော့ တိတိကျကျ မသိရပါဘူး။

ပြည်ပမှာရောက်ရှိနေထိုင်နေတဲ့ ရဟန်းတော်များ (ကြီးငယ် မဟူ)အားလုံး ဘုဥ်းကံကြီးမားလေမယ်လို့ ယေဘုယျ တွက်ဆတာကြောင့်လား၊ ဒါမှမဟုတ်လဲ မြန်မာပြည်ကနေပြည်ပကို ကြွရောက်ကြတဲ့ ဆရာတော်ကြီးအချို့ ပြည်ပက ပြန်ရောက်တဲ့အခါများမှာ ပါလာတတ်တဲ့ နဝကမ္မစတဲ့ လှူဒါန်းမှု အစုစုရဲ့ ပမာဏကို ကြားသိမြင်ယောင်မိလို့လား၊ ဒါမှမဟုတ်ပါလျှင်လဲ ပြည်ပနေ ဘုဥ်းကံကြီးမားတဲ့ ဆရာတော်များ ပြည်တွင်းကိုပြန်ကြွပြီး ဘုရားကြီးတွေတည်၊ ကျောင်းကြီးတွေတည်ဆောက်ကြတာကို တွေ့မြင်မိပြီး ပြည်ပနေရဟန်းတိုင်း ယခုကဲ့သို့ စွမ်းနိုင်မှာပဲ၊ ဘုန်းကံကြီးမားလေမှာပဲရယ်လို့ အထင် ရှိပေသမို့များလား၊ ဘာကြောင့်လား ညာကြောင့်လားတော့ စာရေးသူ မသိပါဘူး။

ဒကာကတော့ "ဘုန်းဘုရား ဗုံးကြားမှာ ပျော်နေပြီလား" လို့မေးလာခဲ့ပါပြီ။ အင်း ကိုယ့်ဒကာ အမှန် အတိုင်းသိနားလည်အောင် ဘယ်လိုများဖြေရပ့ါ။ ခက် ခက်လိုက်ပါဘိတော့။

အရှင်ကုသလသို့ အမှတ်တရ